## မြန်မာနိုင်ငံ

## ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

စစ်အာဏာပိုင်များက ငြိမ်းချမ်းစွာ အတိုက်အခံပြုသူများကို ဖြိုခွင်းမှုများအား ဆက်လက်လုပ်ဆောင်နေပြီး ကြီးထွားလာသော လက်နက်ကိုင် ဆန့်ကျင်မှုအပေါ် စစ်ဆင်ရေးအရှိန်မြှင့် လာခြင်းကြောင့် မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေး အကျပ်အတည်းမှာ ပိုမိုဆိုးရွားလာခဲ့သည်။ ဒီမိုကရေစီလိုလားသော တက်ကြွလှုပ်ရှားသူများနှင့် စစ်အာဏာပိုင်များကို ဆန့်ကျင်သူများဟု မှတ်ယူသော သူများကို မျှတမှုမရှိသော တရားစီရင်မှုများ ဆက်လက်ပြုလုပ်နေပြီး အနည်းဆုံး လူပေါင်း ၁၆၀၀ ကို ထောင်ဒဏ်၊ အလုပ်ကြမ်းပြစ်ဒဏ် သို့မဟုတ် သေဒဏ် ချမှတ်ခဲ့သည်။ ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခများကြောင့် လူဦးရေ ငါးသိန်းကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ လွန်ခဲ့သည့် ဆယ်နှစ်ကျော်က အဓမ္မ အိုးအိမ်စွန့်ခွာခဲ့ရသည့် သောင်းနှင့်ချီသော ရိုဟင်ဂျာများသည် ရခိုင်ပြည်နယ် အတွင်းရှိ ညစ်ပတ်နုံချာသော နေရပ်စွန့်ခွာ တိမ်းရှောင်ရေး စခန်းများတွင် ဆက်လက်နေနေရဆဲ ဖြစ်သည်။ မေလတွင် တိုက်ခတ်ခဲ့သော ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်း အပြီးတွင်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လက်လှမ်းမမီစေရန် မရရှိစေရန် စစ်တပ်အာဏာပိုင်များက တားဆီးခဲ့သည်။ အရပ်သားများနှင့် လူနေအိမ်များ၊ ဘာသာရေး ဝတ်ပြုရာနေရာများနှင့် အခြားအရပ်ဘက် အခြေခံအဆောက်အအုံများကိုပါ လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ရာတွင် မြန်မာစစ်တပ် အသုံးပြုခဲ့သည့် လေကြောင်း လောင်စာဆီများ ထောက်ပံ့ပေးရာတွင် တာဝန်ရှိသော ကုမ္ပဏီများနှင့် ပုဂ္ဂိုလ်များကို နိုင်ငံအများအပြားက ပိတ်ဆို့အရေးယူမှုများ ချမှတ်ခဲ့သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်များကို ပြင်းထန်စွာ ကန့်သတ်ချုပ်ချယ် ထားဆဲဖြစ်ပြီး မိမိတို့၏ တရားဝင်လုပ်ငန်းတာဝန်များကို လုပ်ဆောင်သည့်အတွက် အကျဉ်းချခံထားရသူများထဲတွင် သတင်းသမားများလည်း ပါဝင်ပါသည်။

### နောက်ခံအကြောင်းအရာ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရအား ဖြုတ်ချပြီးနောက် စစ်အုပ်ချုပ်ရေးကို ဆက်လက်ကျင့်သုံးနေသည်။ ဦးမြင့်ဆွေက စစ်တပ်မှ ခန့်အပ်သော သမ္မတအဖြစ် ဆက်ရှိနေခဲ့ပြီး အာဏာသိမ်းခေါင်းဆောင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီကို ဆက်လက် ဦးဆောင်ခဲ့သည်။ စစ်တပ်အာဏာပိုင်များသည် အတိုက်အခံအားလုံးကို ချေမှုန်းရန် ၎င်းတို့၏လှုပ်ရှားမှုကို တစိုက်မတ်မတ် ဆက်လက်လုပ်ဆောင်နေပြီး အကြမ်းဖက်မှုများကို

ရပ်တန့်ရန်နှင့် အရပ်သားများအပေါ် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို တားဆီးရန် နိုင်ငံတကာ၏ အားထုတ်ကြိုးပမ်းမှုများမှာ ထိရောက်မှုမရှိကြောင်း သက်သေပြသခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီသည် အရေးပေါ်အခြေအနေကို ခြောက်လသက်တမ်း နှစ်ကြိမ်တိုးခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ပါတီစုံ ရွေးကောက်ပွဲ ကျင်းပမည်ဆိုသော ကတိကဝတ်ကို ဖောက်ဖျက်ခဲ့သည်။ ဖြုတ်ချခံခဲ့ရသော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဦးဆောင်သော အစိုးရမှ ဖြုတ်ချခံ ကိုယ်စားလှယ်များဖြင့် ၂၀၂၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် အမျိုးသားညီညွတ်ရေး အစိုးရနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဟု လူသိများသော လက်နက်ကိုင်အဖွဲ့များသည် စစ်အုပ်ချုပ်ရေးကို ဆက်လက်ဆန့်ကျင်ခဲ့ကြသည်။ မြန်မာနိုင်ငံအလယ်ပိုင်းတွင် တိုက်ပွဲများ ပြင်းထန်ခဲ့ပြီး အောက်တိုဘာလတွင် ညီနောင်သုံးဖော်အဖွဲ့ (Three Brotherhood Alliance) ဟု အသိများသော လက်နက်ကိုင်အဖွဲ့ (၃)ဖွဲ့ ပါဝင်သည့် မဟာမိတ်အဖွဲ့သည် Operation 1027 ၁၀၂၇ စစ်ဆင်ရေးဟု ဆိုသော ထိုးစစ်ကြီးတစ်ရပ်ကို စတင်ခဲ့ပြီး မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းရှိ စစ်စခန်းများ၊ စစ်ဆေးရေးဂိတ်များနှင့် နယ်စပ်ဂိတ်များကို သိမ်းပိုက်ခဲ့သည်။ ၎င်းတို့သည် လူကုန်ကူးခံရ သူများအား ဆိုက်ဘာလိမ်လည်မှုလုပ်ငန်းများတွင် အတင်းအဓမ္မ အလုပ်ခိုင်းစေနေသည့် နေရာများကိုလည်း ပစ်မှတ်ထားခဲ့သည်။

## ဥပဒေမဲ့ တိုက်ခိုက်မှုများနှင့် သတ်ဖြတ်မှုများ

အာဏာသိမ်းပြီးကတည်းက စစ်တပ်က နိုင်ငံအား ထိန်းချုပ်ရန် ကြိုးပမ်းရင်း ၂၀၂၃ ခုနှစ်တွင် သေဆုံးခဲ့ရသည့်လူ အနည်းဆုံး ၁,၃၄၅ ဦးအပါအဝင် အရပ်သားအများစု ဖြစ်သည့် လူ ၄,၀၀၀ ကျော်သေဆုံးခဲ့သည်။ အထူးသဖြင့် အရပ်သားများအပေါ် စုပေါင်းပြစ်ဒဏ်ပေးသည့် လုပ်ရပ်များ အဖြစ် စစ်တပ်မှ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများတွင် ဥပဒေမဲ့ သတ်ဖြတ်မှုများ အများစု ဖြစ်ပွားခဲ့ပြီး အာဏာသိမ်းမှုအား ငြိမ်းချမ်းစွာနှင့် လက်နက်ကိုင်ပြီးဆန့်ကျင်သူများ နှစ်မျိုးစလုံးကို ဖမ်းဆီးပြီးနောက်တွင်လည်း ဖြစ်ပွားခဲ့သည်။ ညှဉ်းပန်းခြင်း သို့မဟုတ် အခြားသော နှိပ်စက်နည်းများ အသုံးပြုခြင်းတို့ကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရစဉ် သေဆုံးသူ ၃၀ ကျော် ရှိခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။ စစ်တပ်သည် ရံဖန်ရံခါ အရပ်သားများနှင့် အရပ်ဘက် ပစ္စည်းများကို မခွဲခြားသည့် သို့မဟုတ် တိုက်ရိုက်ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှု များကိုလည်း ပိုမိုပြင်းထန်စွာပြုလုပ်ခဲ့သည်။

ယခင်က နယ်စပ်ဒေသများတွင်သာ အဓိကပြုလုပ်ခဲ့သော လေကြောင်းတိုက်ခိုက်မှုများသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပိုမိုပြင်းထန်လာခဲ့သည်။ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အနောက်မြောက်ဘက်တွင် တည်ရှိသော စစ်ကိုင်းတိုင်း ဒေသကြီးသည်လည်း ပိုမို ပစ်မှတ်ထားခြင်း ခံနေရပြီး ဆိုးရွားသော အကျိုးဆက်များခံနေရပါသည်။ ဧပြီလ ၁၁ ရက်က ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာ နယ်မြေခံ အုပ်ချုပ်ရေးရုံးသစ် ဖွင့်လှစ်မည့် လူစုလူဝေးကို စစ်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ဤတိုက်ခိုက်မှုသည် အာဏာသိမ်းပြီးနောက်ပိုင်း တိုက်ခိုက်မှုများတွင် တစ်ကြိမ်ထဲနှင့် လူအသေအပျောက်အများဆုံးလေကြောင်းတိုက်ခိုက်မှုဖြစ်သည်။ ကလေးငယ် ၃၅ ဦး၊ လက်နက်ကိုင် အတိုက်အခံအဖွဲ့များနှင့် ဆက်စပ်မှုရှိသည့် လူ ၁၈ ဦး အပါအဝင် အရပ်သား အနည်းဆုံး ၁၀၀ သေဆုံးခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုကို စစ်တပ်က ဝန်ခံခဲ့သော်လည်း လူအများအပြား စုဝေးရာနေရာ၌ သိမ်းဆည်းထားသည့် ဖောက်ခွဲရေးပစ္စည်းများကြောင့် သေဆုံးရသူ အရေအတွက် ယခုလိုများပြားခဲ့ရသည်ဟု ဆိုခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ညောင်ကုန်းကျေးရွာ ဘုန်းကြီးကျောင်းအနီးတွင် ဇွန်လ ၂၇ ရက်က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် သံဃာတစ်ပါးနှင့် အရပ်သား ၉ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု သတင်းများက ဆိုသည်။ ပဲခူးတိုင်းဒေသကြီးနှင့် ချင်း၊ ကချင်၊ ကယား၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်လည်း အရပ်သားများသေဆုံးစေခဲ့သည့် ဝေဟင်မှတိုက်ခိုက်မှုများ သို့မဟုတ် လေကြောင်း တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း သတင်းများအရ သိရသည်။

အောက်တိုဘာလ ၉ ရက်နေ့က ကချင်ပြည်နယ် မုန်လိုင်ခက်ကျေးရွာရှိ ပြည်တွင်းစစ်ဘေးရှောင် စခန်းကို မြေပြင်တပ်ဖွဲ့များမှ မော်တာများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး စစ်လေယာဉ်က ဗုံးကြဲတိုက်ခိုက်သဖြင့် ကလေးငယ်များအပါအဝင် အရပ်သား ၂၈ ဦးထက်မနည်း သေဆုံးကာ ၅၇ ဦး ဒဏ်ရာရရှိခဲ့သည်။ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေအရ၊ လိုအပ်သော ကန့်သတ်မှုများ ပြုလုပ်၍ မရနိုင်သည့် ပစ်မှတ်ကို တိကျစွာထိမှန်နိုင်ခြင်းမရှိသည့် လက်နက်မျိုးဖြစ်သည့် ပဲ့ထိန်းမပါသောဗုံးကို ဝေဟင်မှပစ်ချခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ စုံစမ်းစစ်ဆေးမှုများက ညွှန်ပြခဲ့ပါသည်။

စစ်ကိုင်းတိုင်း ဒေသကြီးနှင့် အခြားနေရာများတွင်လည်း ပြင်းထန်သော မြေပြင်စစ်ဆင်ရေးများ ပြုလုပ်ခဲ့ပြီး ယင်းအချိန်များတွင် တရားဥပဒေမဲ့ကွပ်မျက်မှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ရှိခဲ့ကြောင်း သတင်းများထွက်ခဲ့သည်။ ဘီလူးစစ်ကြောင်းဟု လူသိများသော စစ်တပ်တပ်ဖွဲ့သည် ခေါင်းဖြတ်ခြင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းများကို အပိုင်းပိုင်းဖြတ်ခြင်းနှင့် အလောင်းများကို ဖြတ်တောက်ခြင်းအပါအဝင် အထူးရက်စက်ကြမ်းကြုတ်သော တိုက်ခိုက်မှုများအတွက် တာဝန်ရှိကြောင်း သိရှိရသည်။ ရှမ်းပြည်နယ် တောင်ပိုင်း နန်းနိမ်ကျေးရွာ

ဘုန်းတော်ကြီးကျောင်းတွင် မတ်လ ၁၁ ရက်က စစ်တပ်က အရပ်သား ၂၂ ဦးထက်မနည်းကို သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ထင်သလို ဖမ်းဆီးထိန်းသိမ်းခြင်းများနှင့် မျှတမှုကင်းမဲ့သော တရားစွဲဆိုစစ်ဆေးမှုများ

အာဏာသိမ်းပြီးနောက်ပိုင်း အာဏာပိုင်များက ဖမ်းဆီးသည့် အရေအတွက်သည် ၂၀၂၃ ခုနှစ်အကုန်တွင် ၂၅,၀၀၀ ကျော်သွားပြီဖြစ်သည်။ နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း၏ အဆိုအရ ဒီဇင်ဘာလအထိ နိုင်ငံရေး အတိုက်အခံ ခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူများ၊ လူ့အခွင့်အရေး ကာကွယ်သူများ၊ သတင်းထောက်များ၊ ကျောင်းသားများ၊ ရှေ့နေများနှင့် ဆေးဘက်ဆိုင်ရာ အလုပ်သမားများ အပါအဝင် လူပေါင်း ၂၀,၀၀၀ နီးပါး ထိန်းသိမ်းခံနေရဆဲ ဖြစ်သည်။

လုံး၀ တရားမျှတမှုမရှိသော စစ်ဆေးစီရင်မှုများဖြင့် လူပေါင်း ၁,၆၀၀ ကျော်ကို ထောင်ဒဏ်ချ အလုပ်ကြမ်းပြစ်ဒဏ်ချမှတ်ခြင်းနှင့် အချို့ကိစ္စများတွင် သေဒဏ် ချမှတ်ခြင်းများပြုလုပ်ခဲ့သည်။ တရားစီရင်မှုများကို အကျဉ်းထောင်များအတွင်းရှိ ယာယီတရားရုံးများနှင့် စစ်ခုံရုံးများတွင် ပြုလုပ်ခဲ့ပြီး တရားခံများသည် အများအားဖြင့် ရှေ့နေများနှင့် အကန့်အသတ်ဖြင့်သာတွေ့ခွင့်ရှိပြီး အချို့မှာ လုံး၀ တွေ့ခွင့်မရခဲ့ပါ။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ စာရေးဆရာ ဝေမိုးနိုင်အား နိုင်ငံတော်ပုန်ကန်မှုဖြင့် မေလတွင် ထောင်ဒဏ် အနှစ် ၂၀ ချမှတ်ခဲ့သည်။ သူသည် ငြိမ်းချမ်းစွာ ဆန္ဒပြပွဲများကို ဦးဆောင်မှုအတွက် ၂၀၂၁ ခုနှစ်တွင် မူလက ဖမ်းဆီးခံခဲ့ရပြီး စွဲချက်အသီးသီးဖြင့် ထောင်ဒဏ် ၃၄ နှစ် ကျခံနေရပြီးဖြစ်သည်။ အကြိမ်ကြိမ် လျှပ်စစ်မီးပြတ်တောက်မှုအပေါ် စစ်ခေါင်းဆောင်များအား လူသိရှင်ကြား ပြစ်တင်ဝေဖန်ခဲ့သည့်အတွက် နာမည်ကြီး ဟစ်ဟော့အဆိုတော် ဗျူဟာသည် မေလတွင် ဖမ်းဆီးခံရပြီးနောက် ဩဂုတ်လတွင် ထောင်ဒဏ် အနှစ် ၂၀ ချမှတ်ခံခဲ့ရကြောင်း သိရသည်။

စစ်တပ်မှ အလိုရှိနေသော ထင်ရှားသည့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ကျော်ကိုကို၏ ဖခင် ဦးကျော်အေးကို စစ်အာဏာပိုင်များက စက်တင်ဘာလတွင် ဖမ်းဆီးခဲ့သည်။ နိုင်ငံရေး အတိုက်အခံများ၏ ဆွေမျိုးသားချင်းများကို ဖမ်းဆီးခြင်းသည် ပြုလုပ်နေကျ လက်စားချေခြင်း နည်းပရိယာယ် ဖြစ်လာခဲ့သည်။

တစ်နှစ်တာ ကာလအတွင်း စစ်အာဏာပိုင်များက လွတ်ငြိမ်းချမ်းသာခွင့် အများအပြားကို ကြေညာခဲ့ပြီး အကျဉ်းသား ၂,၀၀၀၀ ကျော်ကို လွှတ်ပေးခဲ့သည်။ အများစုမှာ ရာဇဝတ်မှုဖြင့် ထိန်းသိမ်းခံထားရသူများဖြစ်သော်လည်း မေလတွင် လွတ်မြောက်လာသူ ၂,၁၅၃ ဦးသည် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၀၅ (က) အရ ထောင်ဒဏ် ကျခံနေရသူများဖြစ်သည်။ ပုဒ်မ ၅၀၅ (က) သည် စစ်တပ်အပေါ် သဘောထားကွဲလွဲမှုများကို ရာဇဝတ်မှုဖြင့် စွဲဆိုနိုင်ပြီး အာဏာသိမ်းပြီးကတည်းက ငြိမ်းချမ်းစွာ ဆန့်ကျင်သူများကို နှိမ်နင်းရန် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသည့် ပုဒ်မဖြစ်သည်။ သာဓကတစ်ခုမှာ တပ်မတော်သည် ဗုဒ္ဓဘာသာရက်မြတ် အထိမ်းအမှတ်အဖြစ် “လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ” အကြောင်းပြချက်ဖြင့် ၎င်းတို့အား လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သော်လည်း “ထပ်မံဆန့်ကျင်”သူတိုင်းကို ထောင်ဒဏ်ပြန်လည် ချမှတ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။၂

ဩဂုတ်လက ကြေညာခဲ့သော လွတ်ငြိမ်းချမ်းသာခွင့်တွင် အဖြုတ်ချခံသမ္မတ ဦးဝင်းမြင့်၏ ထောင်ဒဏ်မှ လေးနှစ်နှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ထောင်ဒဏ်မှ ခြောက်နှစ် လျှော့ချပေးခဲ့သည်။ သို့သော်လည်း ၎င်းတို့သည် ယခင်က နိုင်ငံရေးအရ စွဲဆိုချမှတ် ထားသောပြစ်ဒဏ်များအရ ထောင်ဒဏ် ၈ နှစ်နှင့် ၂၇ နှစ် အသီးသီး ကျခံနေရဆဲ ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ဆိုင်းငံ့ထားသည့် အကျဉ်းသားများထံ မိသားစုလာရောက် လည်ပတ်မှုကို အောက်တိုဘာလတွင် ပြန်လည်စတင်နိုင်မည်ဟု တပ်မတော်က ကြေညာထားသော်လည်း လွတ်လပ်သော လေ့လာစောင့်ကြည့်သူများအနေဖြင့် အကျဉ်းထောင်များသို့ ဝင်ခွင့်မရှိခြင်းကြောင့် အကျဉ်းသားများ၏ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ ရရှိရန် ခက်ခဲပါသည်။ သေဒဏ်ချမှတ်ခံရသူများနှင့် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကျခံနေရသူများထံသို့ မိသားစုဝင်များ လာရောက်လည်ပတ်နိုင်ခြင်းမရှိကြောင်းလည်း သိရသည်။ အကျဉ်းသားများကို စာနာမှုကင်းမဲ့စွာ ချုပ်နှောင်ထားမှုများ ဆက်ရှိနေပြီး ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားသော ဖိနှိပ်ရက်စက်မှုများ ဆက်ရှိနေကြောင်းလည်း သတင်းများရပါသည်။ အကျဉ်းထောင် ပြောင်းရွှေ့ခံရစဉ်အတွင်း နိုင်ငံရေး အကျဉ်းသားများသေဆုံးခြင်း သို့မဟုတ် ပျောက်ဆုံးသွားခြင်း ဖြစ်ရပ်များရှိကြောင်း သတင်းများလည်းထွက်ပေါ် ခဲ့သည်။

## လူကုန်ကူးမှု

ကုလသမဂ္ဂ လူ့အခွင့်အရေးရုံး OHCHR ၏ ခန့်မှန်းချက်အရ ထိုင်းနှင့် တရုတ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသော စစ်တပ်လိုလားသော ပြည်သူ့စစ်များ ထိန်းချုပ်ထားသော မြန်မာနိုင်ငံဒေသများတွင် လူပေါင်း ၁၂၀,၀၀၀ ခန့်ကို ရာဇဝတ်ဂိုဏ်းများမှဖွင့်လှစ်ထားသော ဆိုက်ဘာလိမ်လည်မှုများနှင့် တရားမဝင် လောင်းကစားမှုများတွင် အတင်းအကြပ် အလုပ်ခိုင်းစေခဲ့ကြသည်ဟုဆိုသည်။ တရုတ်နိုင်ငံနှင့် ရင်းနှီးမှုရှိသည့် ညီနောင်သုံးဖော်အဖွဲ့ (Three Brotherhood Alliance) က ရှမ်းပြည်နယ်တွင် နာမည်ဆိုးဖြင့်ကျော်ကြားသော ဆိုက်ဘာ လိမ်လည်လှည့်ဖြားမှုဗဟိုဌာနဖြစ်သည့် လောက်ကိုင်မြို့ကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ပြီး တရုတ်နယ်စပ်ရှိ အဆောက်အဦးခြံဝင်းများမှ အလုပ်သမားများကို ပြန်လွှတ်ပေးခဲ့ကြောင်း နိုဝင်ဘာလတွင် ပြောကြားခဲ့သည်။ လိမ်လည်မှုတွင် အတင်းအဓမ္မ အလုပ်ခိုင်းစေခံရသူ အများအပြားမှာ တရုတ်နှင့် ဗီယက်နမ် အပါအဝင် အိမ်နီးချင်းနိုင်ငံများမှဖြစ်သည်။ ၎င်းတို့ကို အလုပ်အကိုင်များ ပေးမည်ဟူသော ကတိကဝတ်ဖြင့် မြန်မာနိုင်ငံသို့ လှည့်ဖျားခေါ်ယူလာပြီး နောက်တွင် အတင်းအကျပ်၊ တခါတရံ အကြမ်းဖက်ခြိမ်းခြောက်မှုများဖြင့် အွန်လိုင်း လိမ်လည်မှုများ ဖိအားပေးလုပ်ခိုင်းခံရသည်။

## ပြည်တွင်းစစ်ရှောင်ဒုက္ခသည်များ၏ အခွင့်အရေးများ

ကုလသမဂ္ဂ လူသားချင်းစာနာမှုအကူအညီပေးရေးရုံး OCHA ၏ အဆိုအရ ပြည်တွင်းတွင် လူပေါင်း ၂.၆ သန်းကျော် အိုးအိမ်မဲ့ ဖြစ်ခဲ့ရသည်။ ဤအထဲတွင် အောက်တိုဘာလနှောင်းပိုင်း ၁၀၂၇ စစ်ဆင်ရေး စတင်ပြီးနောက် ပြင်းထန်လာသည့် တိုက်ပွဲများကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည့် အနည်းဆုံး လူ ၅၀၀,၀၀၀လည်း ပါဝင်သည်။ ရွှေ့ပြောင်းဒုက္ခသည် အများအပြားသည် မရှိမဖြစ်လိုအပ်သော အသုံးအဆောင်ပစ္စည်းများ ချို့တဲ့ကြပြီး လေကြောင်းတိုက်ခိုက်မှုနှင့် အခြားစစ်ဘက် စစ်ဆင်ရေးများ၏ အန္တရာယ်နှင့်လည်း အမြဲတစေ ရင်ဆိုင်နေကြရသည်။

ရိုဟင်ဂျာနှင့် အခြားသော မူဆလင် ၁၄၈,၀၀၀ ခန့်သည် ပြည်တွင်းတွင် အိုးမဲ့အိမ်မဲ့ ဖြစ်ဆဲ ဖြစ်သည်။ ၎င်းတို့သည် နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် ကာလကြာရှည်စွာတည်ရှိနေခဲ့သော ခွဲခြားကန့်သတ်၊ ခွဲခြားဆက်ဆံမှုများ ခံနေရဆဲဖြစ်သည်။ ယင်းခွဲခြားမှုများမှာ ဆိုးဝါးပြင်းထန်လှသဖြင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် လူမျိုးအသားအရောင်ခွဲခြားသည့်

ရာဇဝတ်မှုမြောက်နိုင်ပါသည်။ အများစုသည် ၂၀၁၂ ခုနှစ်ကတည်းက ၎င်းတို့နေခဲ့ရသည့် ရခိုင်ပြည်နယ်ရှိ ညစ်ပတ်နုံချာသော စခန်းများတွင် ဆက်လက်နေရဆဲဖြစ်သည်။

မြန်မာနိုင်ငံ အနောက်ပိုင်းကို မေလက မိုခါဆိုင်ကလုံးမုန်တိုင်းဝင်တိုက်ခဲ့ချိန်တွင် အသေအပျောက်များစေခဲ့ရသည့် အကြောင်းရင်းတစ်ခုမှာ ရိုဟင်ဂျာများ နေထိုင်နေရသည့် ဆိုးဝါးသော အခြေအနေများကြောင့်လည်းဖြစ်သည်။ ရခိုင်ပြည်နယ် စစ်တွေရှိ စခန်းများတွင် နေထိုင်နေသော ရိုဟင်ဂျာရွာသား အနည်းဆုံး အယောက် ၁၀၀ သေဆုံးခဲ့သည်ဟု သိရသည်။ ဒုက္ခသည်စခန်းများကို ပြင်းထန်စွာထိခိုက်မှုများအပြင် ရသေ့တောင်နှင့် စစ်တွေမြို့နယ်များ၊ ချင်း၊ စစ်ကိုင်းနှင့် မကွေးဒေသများရှိ နေအိမ်များနှင့် အဆောက်အဦများလည်း ပျက်စီးခဲ့သည်။ ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးနေရသူများနှင့် ဒုက္ခရောက်နေသူများမှာ အချိုးအဆအားဖြင့် အရေအတွက် ပိုမိုများပြားစွာ ထိခိုက်ခံခဲ့ကြရသည်။

ဆိုင်ကလုံးမိုခါတိုက်ခတ်အပြီးတွင် စစ်အာဏာပိုင်များသည် မုန်တိုင်းဒဏ်ခံခဲ့ရသူများထံ လူသားချင်းစာနာသည့် အကူအညီများ ပေးပို့မှုကို နှောင့်နှေးစေခြင်း၊ ဟန့်တားခြင်းများ ပြုလုပ်ခဲ့သည်။ ဒေသတွင်း လူသားချင်းစာနာသည့် အကူအညီများပေးပို့နိုင်ရေးအတွက် လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် နိုင်ငံတကာလူမှုကူညီရေးအဖွဲ့များ၏ ကြိုးပမ်းမှုများကိုလည်း စစ်တပ်က နှောင့်နှေးအောင်ပြုလုပ်ခဲ့သည်ဆိုသော သတင်းများရှိခဲ့ပါသည်။၇

## ကုမ္ပဏီစီးပွားရေးလုပ်ငန်းကြီးများ၏ တာဝန်ယူမှု

မြန်မာစစ်တပ်ကို လေကြောင်းလောင်စာဆီထောက်ပံ့ပေးနေမှုတွင် ပါဝင်ပတ်သက်နေသော နိုင်ငံခြားနှင့် ပြည်တွင်းကုမ္ပဏီများအကြား ဆက်စပ်မှုအထောက်အထားများ ထွက်ပေါ်လာပြီးသည့်နောက် ယူကေ၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဥရောပသမဂ္ဂနှင့် ဆွစ်ဇာလန်တို့က မြန်မာနိုင်ငံတွင်းသို့ လေကြောင်းလောင်စာဆီ ဝယ်ယူဖြန့်ချိမှုတွင် ပါဝင်သော မြန်မာနှင့်စင်္ကာပူနိုင်ငံများမှ လူပုဂ္ဂိုလ်များနှင့် ကုမ္ပဏီများကို ပြင်းထန်မှုအနည်းအများကွာခြားသည့် ပိတ်ဆို့အရေးယူမှုများ ချမှတ်ခဲ့သည်။ ဩဂုတ်လတွင် အမေရိကန်က ပိတ်ဆို့မှုများ၏ သက်ရောက်နိုင်မှုအတိုင်းအတာကို ချဲ့ထွင်ခဲ့ပြီး ယင်းလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသူအားလုံး အရေးယူခံရနိုင်သည်ဟု သတိပေးခဲ့သည်။ ယင်းသို့ ပိတ်ဆို့အရေးယူမှုများကို ရှောင်ရှားရန် ကြိုးပမ်းသည့် အနေနှင့် လောင်စာဆီရောင်းချသူများက မြန်မာနိုင်ငံသို့ တိုက်ရိုက်တင်ပို့မှုများ

မလုပ်တော့ပဲ ဗီယက်နမ်နှင့် စကော်ပူတို့မှ တစ်ဆင့်ခံပြီး လွှဲပြောင်းပေးခြင်းမျိုးကို လုပ်လာကြသည်။[၅]

မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းကဏ္ဍBHRRC က ဩဂုတ်လတွင် အစီရင်ခံစာထုတ်ပြန်ခဲ့ပြီးသည့်နောက် ဆွီဒင်အခြေစိုက် H&M အဝတ်အထည်ကုမ္ပဏီက မြန်မာနိုင်ငံမှ လုပ်ငန်းများကို တဖြည်းဖြည်းချင်းပိတ်သိမ်းမည်ဟု ကြေညာခဲ့ပါသည်။ စပိန်ကုမ္ပဏီဖြစ်သည့် Zara ဖက်ရှင်အမှတ်တံဆိပ်ကလည်း ဇူလိုင်လတွင် အလားတူ ကြေညာချက်ကို ပြုလုပ်ခဲ့သည်။

လွတ်လပ်စွာ ထုတ်ဖော်ရေးသား ပြောဆိုခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်

စစ်တပ်၏ နှိမ်နင်းမှုကြောင့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ရေးမှာ မဖြစ်နိုင်သလောက်ပင်ရှိသည်။ ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့ဖြစ်သော ဇွန်လ ၁၉ ရက်နေ့တွင် ပန်းပန်ခြင်း၊ ပန်းရောင်းဝယ်ခြင်းများကြောင့် လူ ၁၀၀ နီးပါး အဖမ်းခံခဲ့ရသည်ဟု သတင်းများထွက်ခဲ့သည်။

ခြေရာခံထောက်လှမ်းမှုများက နေရာတိုင်းလိုမှာ ရှိနေသည်။ အွန်လိုင်းတွင် ရေးသားမှုများကြောင့် ဖမ်းခံရသူများ ဆက်ရှိနေသည့်အတွက် မရေးမတင်ခင် ကိုယ့်ကိုယ်ကိုယ်ဆင်ဆာဖြတ်တောက်မှုများဖြစ်လာရသည်။

၄င်းတို့အားဆန့်ကျင်သည်ဟုယူဆသူများကို စစ်တပ်က တရားမဝင်အသင်းအဖွဲ့ဥပဒေများဖြင့် ဆက်လက်ဖိနှိပ်အရေးယူနေဆဲဖြစ်သည်။ ဧပြီလက ကချင်ပြည်နယ် မြစ်ကြီးနားအကျဉ်းထောင်တွင်းရှိ တရားရုံးတစ်ခုက ထင်ရှားသည့် ဘာသာရေးခေါင်းဆောင် လူ့အခွင့်အရေးကာကွယ်သူ ခလမ်ဆမ်ဆွန်ကို တရားမဝင်အသင်းအဖွဲ့နှင့်ဆက်သွယ်မှု၊ အကြမ်းဖက်မှုနှင့် ဆန့်ကျင်ရန်လှုံ့ဆော်မှုများဖြင့် ထောင်ဒဏ် ခြောက်နှစ်ချမှတ်ခဲ့သည်။

သတင်းလွတ်လပ်ခွင့်ကိုလည်း ဆက်လက် ပြင်းထန်စွာကန့်သတ်ထားပါသည်။ ယခုနှစ်အတွင်း သတင်းသမားနှင့် မီဒီယာအလုပ်လုပ်သူ အနည်းဆုံးခြောက်ဦး ဖမ်းဆီး၍ ထောင်ဒဏ်ချမှတ်ခံခဲ့ရသည်။ ၄င်းတို့ထဲတွင် ဓာတ်ပုံသတင်းထောင် စိုင်းဇော်သိုက်လည်းပါဝင်သည်။ သူ့ကို လူထုထိတ်လန့်စိုးရိမ်မှုဖြစ်အောင်နှင့် စစ်အာဏာပိုင်များအား အထင်အမြင်လွဲစေမှု ဖြစ်အောင် သတင်းမှား ဖြန့်မှုဖြင့် စွပ်စွဲခဲ့သည်။ သူ့အား ရန်ကုန်မြို့

အင်းစိန်ထောင်အတွင်းရှိ စစ်ခုံရုံးက အတုအယောင်စွဲချက်ဖြစ်သည့် ဆူပူရန်လှုံ့ဆော်မှုဖြင့် အပြစ်ရှိသည်ဟု ဆုံးဖြတ်ကာ စက်တင်ဘာလက အလုပ်ကြမ်းနှင့်ထောင်ဒဏ် အနှစ် ၂၀ ချမှတ်ခဲ့သည်။ စိုင်းဇော်သိုက်သည် စစ်အာဏာသိမ်းပြီးချိန်က ပြည်တွင်းတွင် ပိတ်ပင်ခံခဲ့ရသော အွန်လိုင်းသတင်းဌာန Myanmar Now တွင် လုပ်ကိုင်ခဲ့သူဖြစ်သည်။ မေလကလည်း ရန်ကုန်ရှိ တရားရုံးတစ်ခုက ဓာတ်ပုံသတင်းထောက် မွှေးရတနာခက်မို့မို့ထွန်းကို အကြမ်းဖက်မှု စွဲချက်ဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့သည်။ သူသည် ဆူပူအောင်လှုံ့ဆော်မှု မမှန်သတင်းဖြန့်ချိမှုတို့ဖြင့် ထောင်ဒဏ်သုံးနှစ် ကျခံနေရပြီး ဖြစ်ပါသည်။

ဒီဇင်ဘာလအထိဆိုလျှင် သတင်းသမားနှင့် အခြားမီဒီယာလုပ်သား ၆၀ ကျော် ဖမ်းဆီးထိန်းသိမ်းခံ ခဲ့ရသည်ဟု နယ်စည်းမခြားသတင်းထောက်များအဖွဲ့က ဆိုပါသည်။
အများပြည်သူတည်ငြိမ်အေးချမ်းမှုကို အနှောင့်အယှက်ဖြစ်စေသည့် သတင်းအချက်အလက်များ ဖော်ပြခဲ့မှုကြောင့်ဟုဆိုကာ ဇွန်လ ၁၀ ရက်နေ့က အာဏာပိုင်များက လွတ်လပ်သော သတင်းဌာနတစ်ခုဖြစ်သည့် ဧရာဝတီတိုင်း၏ သတင်းထုတ်ဝေခွင့်လိုင်စင်ကို ပယ်ဖျက်ခဲ့သည်။ အောက်တိုဘာ ၂၉ ရက်နေ့ကလည်း စစ်တွေရှိ Development Media Group ၏ ရုံးခန်းကို စစ်အရာရှိများက ဝင်ရောက်စီးနင်းကာ သတင်းထောက်တစ်ဦးနှင့် လုံခြုံရေးဝန်ထမ်းတစ်ဦးကို ဖမ်းဆီးသွားခဲ့သည်။

သေဒဏ်

နိုင်ငံရေး အကျဉ်းသားများအပေါ် အပါအဝင် သေဒဏ် ချမှတ်မှုများ ဆက်လက် ရှိနေခဲ့သော်လည်း သေဒဏ် စီရင်မှုရှိသည်ဟု မသိရပါ။ သေဒဏ်ချမှတ်ခံထားရသောသူ ၃၈ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် မေလအတွင်းက ထောင်ဒဏ် တစ်သက်တစ်ကျွန်းသို့ လျှော့ပါ့ ပေးခဲ့ကြောင်း သိရသည်။

လက်နက်ကိုင်အဖွဲ့များ၏ ချိုးဖောက်ကျူးလွန်မှုများ

လက်နက်ကိုင် အတိုက်အခံ အဖွဲ့များသည် အရပ်သားများနှင့် အရပ်ဘက် အခြေခံ အဆောက်အအုံများကို မကြာခဏ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု ကုလသမဂ္ဂလူ့အခွင့်အရေးရုံး OHCHR က ဆိုပါသည်။ စစ်တပ်နှင့် ဆက်စပ်မှုရှိသော သို့မဟုတ် ပူးပေါင်းဆောင်ရွက်နေသည်ဟု

ယူဆရသည့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူးများ၊ အရပ်ဘက်ဝန်ထမ်းများနှင့် အခြားသူများလည်း အသတ်ခံရသူများထဲတွင် ပါဝင်သည်။ အများပိုင် ရုံးများကို ဗုံးခွဲခြင်းနှင့် လက်ပစ်ဗုံးများဖြင့် တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ယင်းတို့အထဲတွင် ဇွန်လအတွင်းက ရန်ကုန်မြို့ရှိ အခွန်ရုံးတစ်ခုကို တိုက်ခိုက်ခဲ့သဖြင့် ဝန်ထမ်းလေးဦးနှင့် အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့သည့် ဖြစ်ရပ်လည်း ပါဝင်သည်။ အမျိုးသားညီညွတ်ရေးအစိုးရသည် ၎င်းနှင့် ဆက်စပ်နေသော စစ်တပ်ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များအား နိုင်ငံတကာ ဥပဒေပါ ပြဋ္ဌာန်းချက်များအား လိုက်နာစေရန် အစီအမံများ ချမှတ်ပြုလုပ် ပေးရန် ကုလသမဂ္ဂလူ့အခွင့်အရေးရုံး OHCHR ၏ တောင်းဆိုမှုများကို တုံ့ပြန်ခဲ့ကြောင်း OHCHR မှ သတင်းထုတ်ပြန်ခဲ့သည်။